# (၅-၆-၂၀၂၃ မှ ၉-၆-၂၀၂၃ ) တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

## အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၅-၆-၂၀၂၃ မှ ၉-၆-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ (၅-၆-၂၀၂၃)တွင် ဟဲဟိုး A1 ကျပ် ၂၀၀၀၊ ဟဲဟိုး OK ကျပ် ၂၃၀၀၊ ဟဲဟိုး S1 ကျပ် ၂၂၅၀ နှင့် ဟဲဟိုး S2 ကျပ် ၂၂၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဟဲဟိုး A1 ကျပ်၂၅၀၊ ဟဲဟိုး OK ကျပ် ၂၅၀၊ S1 ကျပ် ၃၀၀ နှင့် ဟဲဟိုး S2 ကျပ် ၂၅၀ ဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၃၆ စီး (၂၁၆၀၀၀ ပိဿာ ) ဝင်ရောက် ခဲ့ကြောင်း သိရသည်။

## ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိရာ (၅-၆-၂၀၂၃ မှ ၉-၆-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ( တစ်ပိဿာ ) ဈေးနှုန်းများမှာ (၅-၆-၂၀၂၃ ) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၅၀၊ မုံရွာရှယ် ကျပ် ၂၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၂၁၀၀၊ မုံရွာလတ်သန့် ကျပ် ၂၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၇၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ နှင့် မုံရွာရှယ် ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၅၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက် ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ကားစီးရေ ၁၁၁ စီး (၆၆၆၀၀၀ ပိဿာ) ခန့်ဝင်ရောက်ခဲ့ကြောင်း သိရသည်၊

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၅-၆-၂၀၂၃ မှ ၉-၆-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သောကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၅-၆-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၇၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၄၆၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်းကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၄၀၀ (၁၀၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

SWT (Domestic)